The National Registration (Amendment) Act, 1950.
(Act No. XLVIII of 1950)

# ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၄၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။(၁) ဤအက်ဥပဒေတွင်၊ "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့်၊ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (၂) အစား အောက်ပါပုဒ်မခွဲကိုထည့်သွင်းရမည်။

"(၂) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေအရ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်၊ ဒေသအသီးသီးအတွက် မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်းမှုထမ်းများ ခန့်ထားနိုင်သည်။"

(၂) အဆိုပါပုဒ်မ ၃၊ ပုဒ်မခွဲ (၃) တွင်၊ "မှတ်ပုံတင်အရာရှိချုပ်၊ မှတ်ပုံတင်အရာရှိနှင့် လက်ထောက်မှတ်ပုံတင်အရာရှိတို့၏" ဆိုသည့်စကားရပ်အစား၊ "မှတ်ပုံတင်အရာရှိချုပ်၊ မှတ်ပုံတင်အရာရှိ၊ လက်ထောက်မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်း မှုထမ်းများ၏" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၇ တွင်၊ "ဤအက်ဥပဒေနှင့်" ဆိုသည့်စကားရပ်အစား၊ "ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးနှင့်ဖြစ်စေ၊ တခုခုနှင့်ဖြစ်စေ" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

G.U.B.C.P.O.—No. 33, M. of J.A., 10-11-50—2,000—II.

**Price,—One anna.]**